# ကိုယ်ရေးအကျဉ်း

ဦးဦးသာထွန်း (၁၉၁၇–၁၉၉၀)



ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ နာယကနှင့်ရခိုင့်အမျိုးသားခေါင်းဆောင်

၁၉၉၀ ခုနှစ် ဩဂုတ်လ(၁၄)ရက်နေ့တွင် မြန်မာစစ်အစိုးရမှ အစာထဲတွင် အဆိပ်ထည့်၍ သွေးအေးစွာဖြင့် သုတ်သင်ခြင်းခံခဲ့ရသော ရခိုင်အမျိုးသားခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည်။

## အတ္ထုပ္ပတ္တိ

ဆရာကြီး ဦးဦးသာထွန်းကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ညောင်ပင်ဈေးရွာအနီး အဖဦးကောင်းစံရွှေ၊ အမိ ဒေါ်အောင်ကြွဖံတို့မှ (၁၉၁၇) ခု နိုဝင်ဘာလ(၂၃)ရက်၊ သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်သည်။ ငယ်စဉ်မှစ၍ အဘိုးဖြစ်သူ ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်က ရခိုင်ရာဇဝင်၊ ဆေးကျမ်း၊ နက္ခတ်ကျမ်း၊ ပူရာဏ်ကျမ်းများအား နှုတ်တိုက် အာဂုံသင်ကြားပေးခဲ့သည်။ နဝမတန်းတွင် ပညာသင်ကြားနေစဉ် ဖခင်ကွယ်လွန်သောကြောင်း ကျောင်းထွက်လိုက်ရပြီး ရဟန်းပုဂ္ဂိုလ် တို့ထံတွင် သက္ကဋ္ဌပါဠိ၊ သမိုင်း၊ အင်း၊ ဗေဒင်နှင့် အခြားလောကီပညာရပ်များကို သင်ကြားလေ့လာဆည်ပူးခဲ့သည်။

၁၉၅၀ ခုနှစ်မှ (၁၉၅၅) ခုနှစ်အထိ မူလတန်းကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၁၉၅၅) ခုနှစ်မှ (၁၉၇၇) ခုနှစ်အထိ မြောက်ဦးမြို့ရှေးဟောင်းသုတေသနဌာနခွဲတွင် ရခိုင်–မြန်မာပဏ္ဍိတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုလက်ရှိ မြောက်ဦးရှေးဟောင်း သုတေသနပြတိုက်ကြီးသည် ဆရာကြီး စုဆောင်းတည်ဆောက်ခဲ့သော ရှေးဟောင်းပြတိုက်ကြီးဖြစ်သည်။ (၁၉၇၇)ခုနှစ်မှ (၁၉၈၃) ခုနှစ်အထိ မြောက်ဦးမြို့ရှေးဟောင်းသုတေသနဌာနခွဲတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၈၀) ခုနှစ်မ (၁၉၈၃) ခုနှစ်အထိတူးဖော်ခဲ့သော ရခိုင်ဝေသာလီမြို့ဟောင်း တူးဖော်မှုလုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်တူးဖော်ဆောင်ရွက်ခဲ့သည်။

မြောက်ဦးမြို့ ဘုရားသမိုင်း (၁၃၀၁–ခုနှစ်ပုံနှိပ်၊ ဦးရာဇ်တောင်ဘုရားသမိုင်းကျမ်း၊ ပြင်ဆင်ဖြည့်စွက်ချက် (ပုံနှိပ်) (၁၉၅၂–၅၃)၊ ရက္ခိုင်အမျိုးသမီးသူရဲကောင်းအတ္ထုပတ္တိ (၁၉၅၃–၅၄) (ပုံနှိပ်)၊ ရက္ခိုင်ရာဇဝင်သသေ်ပကျမ်း (၁၉၅၄–၅၅ ပုံနှိပ်)၊ ဝသဲဘုရားသမိုင်း (ပုံနှိပ်)၊ ရှင်သတ်ဘုရားသမိုင်း (ပုံနှိပ်) များအား ပုံနှိပ်ထုတ်ဝေခဲ့သည်။ ရက္ခိုင်ကဗျာပေါင်းချုပ်၊ ရက္ခိုင်ရာဇဝင် (ဘာသာပြန်)၊ ရက္ခိုင်ဒဂ်ီး

များ (ဘာသာပြန်)ရက္ခိုင်ဓါတ်တော်ဘုရားစေတီများနှင့် မြောက်ဦးမြို့တန်ခိုးကြီးဘုရားများ၊ သမိုင်းကျမ်းစာများကို ရေးသားပြုစုပြီး ဘဏ္ဍာရေးဝန်ကြီး ဆာဦးထွန်းအောင်ကျော်ထံတွင် အပ်ခဲ့သည်။ အံတော်သိမ်ဘုရားသမိုင်းကျမ်း၊ သဲထက်ဘုရားသမိုင်း၊ ထီးတော်မိုးဘုရားသမိုင်း၊ ဘောင်းဒွတ်နတ်တောင်ဘုရားသမိုင်း၊ ဝေသာလီဘုရားကြီးသမိုင်း၊ သိမ်တောင်ကြီးဘုရားသမိုင်း၊ မဟာထီးဘုရားသမိုင်း၊ ပါးတော်ဘုရားသမိုင်း၊ ဘုရားပေါ်ဘုရားသမိုင်း၊ ရှစ်သောင်းဘုရားသမိုင်း၊ မင်္ဂလာဓါတ်ရွှေကူဘုရားသမိုင်းများကို လင်္ကာစကားပြေမော်ကွန်းများ စသည်တို့ဖြင့် ရေးသားထုတ်ဝေခဲ့သည်။ ဓညဝတီမဂ္ဂဇင်းအား စာတည်း ၊ အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေခဲ့သည်။ ဓညဝတီစာစောင်၊ ဓညဝတီမဂ္ဂဇင်း၊ ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ မန္တလေးပြည်သူ့ဂျာနယ်၊ ရန်ကုန်မဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်း။ ယဉ်ကျေးမှုစာစောင်၊ ရခိုင်မဂ္ဂဇင်း၊ စစ်တွေကောလိပ်မဂ္ဂဇင်း၊ ရခိုင်ပြည်နယ်စာစောင်၊ ဦးရာဇ်မြေမဂ္ဂဇင်းများတွင် ဦးဦးသာထွန်း၊ ဦးသူရိယအစရှိသော ကလောင်အမည်များဖြင့် ဆောင်းပါးများရေးသားခဲ့သည်။

မြို့စောင့်နတ်ဒေဝတာဗလီပူဇော်ကျမ်း၊ အဠနနိဒါန်းဆေးကျမ်း၊ ရခိုင်စည်ပြုလုပ်ပုံနှင့် တီးကွက်၊ တီးလုံးများ၊ ကဗျာများ စုပေါင်းစာတမ်း၊ ရခိုင်ထိမ်းမြားမင်္ဂလာ ပန်တျာတီးလုံးတီးကွက်နှင့် ပြုလုပ်ပုံအတိုင်းအတာစာတမ်း၊ ရခိုင်သတ်ပုံသတ်ညွှန်းထားခြင်း၊ အဓိပ္ပါယ်ထွက်ပုံ စာတမ်း၊ ရခိုင်ပလွေ (ပြွေ) အမျိုးမျိုးပြုလုပ်ပုံ အတိုင်းအတာစာတမ်း၊ သျှိုင်ဒိုင်၊ ကောက်ဦးဆွမ်းတင်၊ ပိုးဝါ၊ ဗုဒ္ဓပူဇနိယဆီမီးခွက်အက၊ တေးခြင်းကဗျာ စသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဆင်ယင်ထုံးဖွဲ့မှုကျမ်း (မူကြမ်း)၊ ရခိုင်ရာဇဝင် (မူကြမ်း)၊ ရခိုင်အက္ခရာဆင်းသက်လာပုံကျမ်း (မူကြမ်း) ရခိုင်ကျောက်စာပေါင်းချုပ်ကျမ်း (မူကြမ်း)၊ ရခိုင်ဘုရင်သမိုင်းကျမ်း (မူကြမ်း)၊ရခိုင်မင်းသားဒေါင်မာတင် (မူကြမ်း)၊ သျှင်ဦးမြဝါကျမ်း (မူကြမ်း)၊ ရခိုင်မင်းသမီး ချေင်းရှင်းလင်းချက် (မူကြမ်း)၊ ဗျာလစာတမ်း (မူကြမ်း)၊ ကျောက်တော်မြို့ သေလာဂီရိမောရပ္ပတောင်ခြေရင်းမှ တွေ့ခဲ့ရသော ကျောက်ဆစ်လက်ရာများ သုတေသနပြုချက် (မူကြမ်း) စသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဩစတြေးလျနိုင်ငံအမျိုးသား တက္ကသိုလ်သုတေသီ Pamela Gutman \ (Ancient Arakan) ကျမ်းပြုစုစဉ်တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့မှ ပါမောက္ခရောဖတ် ဆာဗ်ရ် (Bemot) အတွက် ရခိုင်ပုံပြင် လိပ်ကန်ဖာမဝတ္ထုနှင့် ကျီးဖြူရွာစာတမ်းများကို လည်းကောင်း၊ ပြင်သစ်နိုင်ငံ ပါမောက္ခဦးလှသိန်း (ခေါ်) ဂျွန်န်အိုကဲလ်ဖို့၏ စေတီအဆောက်အအုံနှင့် နန်းအဆောက်အအုံစာတမ်းများကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ အာရှဖောင်ဒေးရှင်း အတွင်းရေးမှူး ဒေးဗစ်သတိမ်းဗာစ်၏ ဝေသာလီကျောက်ရုပ်တုဆင်းတုများ၏ နှစ်ပေါင်းကြာညောင်းမှုအား တိုင်းတာမှုစာတမ်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံ ပါမောက္ခအိုနိုတိုရရှုနှင့် ရခိုင်စကားပြောလေယူလေသိမ်း အသံထွက်ပုံ စာတမ်းနှင့် ဘောင်းဒွတ်အရပ်တွင်ရှိသော ဒတ်ချ် ကောင်ဆယ်လာ အဆောက်အအုံပုံစံနှင့် ကူးသန်းရောင်းဝယ်ခဲ့ပုံ စာတမ်းများကိုလည်းကောင်း ရေးသားပြုစုကူညီခဲ့သည်။

နိုင်ငံတော် အစိုးရယဉ်ကျေးမှုဌာနနှင့် အခြားပုဂ္ဂိုလ်တို့ကိုလည်း ဆရာကြီးသည် ကူညီပေးခဲ့သည်။ ဦးမင်းနိုင်၏ ပြည်ထောင်စု အကပဒေသာ စာအုပ် (၁၉၅၉)၊ ရခိုင်တိုင်းရင်းသားလူမျိုး ဖြစ်စဉ်နှင့် ဓလေ့ထုံးစံများစာအုပ်၊ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ ရခိုင်ပြည်နယ် ဘဏ္ဍာတိုက်ကြီးများကျမ်း၊ ရခိုင်ရိုးရာစည်တော်နှင့် တူရိယာတီးကွက်များစာတမ်း၊ မြန်မာ ဝေါဟာရအဘိဓါန်ကျမ်းပြုစုစဉ် ဝေါဟာရစာလုံးများပြုစုပြီး ပေးပို့ခြင်း၊ ရခိုင်ဝေါဟာရအဘိဓါန်ပြုစုစဉ် ဝေါဟာရစာလုံး

များနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ကျမ်းကိုးကားချက်များ စာအုပ်ပြုစုခြင်း၊ (၁၉၇၆–၇၇) ခု ရခိုင်ပြည်နယ်နေ့ ရခိုင်ပြည်နယ်တံဆိပ်၊ ရခိုင်ရိုးရာ ကျား/မဝတ်စုံစာတမ်း၊ ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ ဗမြောက်ဦးလမ်းညွှန်စသည်တို့ကို ပါဝင်ကူညီရေးသားပြုစုခဲ့သည်။

အထက်တန်းပညာဦးစီးဌာနညွှန်ချုပ် (ငြိမ်း) ပါမောက္ခဦးစံသာအောင် အတွက်လည်း (၁၉၇၂)ခု အဘိဓမ္မာကောက်နှုတ်ချက် ပုရပိုက်ကို မိုက်ခရိုဖလင်ရိုက်နိုပ်ရန်အတွက်လည်းကောင်း၊ ဂဝိကဏ္ဍ ပါသဏာကျမ်း ပေမူကိုမိုက်ခရိုဖလင်ရိုက်နိုင်ရန်အတွက် လည်းကောင်း၊ လျှို့ဝှက်ကျောက်စာဂဏန်း ရေးနည်းပေမူကို မိုက်ခရိုဖလင်ရိုက်ရန်အတွက်လည်းကောင်း၊ အေဒီ (၆)ရာစုနှင့် ယင်းမတိုင်မီက ရခိုင်ပြည်နယ်သုံး အက္ခရာစာအုပ်ပြုစုရာတွင်လည်းကောင်း၊ အနန္ဒစန္ဒြား (၈) ရာစု ရခိုင်ဝေသာလီ စာအုပ်ပြုစုရာတွင်လည်းကောင်း၊ ရခိုင်ဒင်္ဂါးများသမိုင်းပြုစုရာတွင်လည်းကောင်း၊ ဗုဒ္ဓအနုပညာ (Buddhist Art of Ancient Arakan) စာအုပ် ပြုစုရာတွင်လည်းကောင်း ပါဝင်ကူညီခဲ့သည်။

(၁၉၅၉) ခုနှစ်မှာ မြန်မာ့အသံရေဒီယိုမှ ရခိုင်အသံကို အစအဆုံး အသံလွှင့်ခဲ့သည်။ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပြီဖြစ်သော ရခိုင်ယဉ်ကျေးမှုအမွေအနှစ်၊ ရခိုင်သမိုင်း၊ ရခိုင့်စာပေ၊ ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအား ကမ္ဘာသိအောင် ရှာဖွေစုဆောင်းလေ့လာဖေါ်ထုတ်ခဲ့သည်။ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ရခိုင်သူ၊ ရခိုင်သားများကိုလည်း ရခိုင့်ယဉ်ကျေးမှုအမွေအနှစ်၊ ရခိုင့်သမိုင်း၊ ရခိုင့်စာပေ၊ ရခိုင့်ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများကို ဖေါ်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လည်း အမြဲဆော်ဩခဲ့သည်။ ဆရာကြီးသည် ရခိုင့်ယဉ်ကျေးမှုအမွေအနှစ်၊ ရခိုင့်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင့်ရိုးရာ ထုံးတမ်းစဉ်လာများကို အသစ်တဖန်ပြန်လည်မွေးထုတ်ပေးခဲ့သော ဖခင်ကြီးဖြစ်သည်။

ဆရာကြီးသည် ရခိုင်ဒီမိုကရေစီရရှိရေး၊ တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိရေးအတွက်လည်း စွမ်းစွမ်းတမံရှေ့တန်းမှ ဦးဆောင်ဦးရွက်ဆောင်ရွက်ခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တွင် နာယကကြီးအဖြစ် ထမ်းဆောင်ခဲ့ပြီး ကျောက်တော်မြို့မဲဆန္ဒနယ် အမှတ်(၁)တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးလည်းဖြစ်သည်။ ဆရာကြီးသည် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်အဖြစ် အနယ်နယ်အရပ်ရပ်သို့ မဲဆွယ်တရား ဟောထွက်စဉ် မင်းပြားမြို့နယ်၊ ပြားချောင်းကျေးရွာ မဲဆွယ်တရားဟောပွဲတွင် တရားဟောနေစဉ် ဖမ်းဆီးခံရပြီး ထောင်သွင်းအကျဉ်းချခံခဲ့ရသည်။ ဆရာကြီးအား အမျိုးသားရေးတရားဟောသည် စသည်ဖြင့် အမျိုးမျိုးစွဲချက်တင်ပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဗမာစစ်အစိုးရ၏ တိုင်းပြည်အပေါ် မတရားစော်ကားမှုများကို ဆရာကြီး၏အချက်ကျကျ ဝေဖန်ဟောပြောမှုများကြောင့် ဗမာစစ်ဝါဒီများ၊ ဗမာလူမျိုးကြီးဝါဒီမှားအား အနာပေါ်တုတ်ကျသကဲ့သို့ ဆတ်ဆတ်ထိ မခံမရပ်နိုင်ဖြစ်ခဲ့ကြရသည်။ ထို့ကြောင့် ဆရာကြီးအား အငြိုးထားကာမတရားဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်(၃)နှစ် အပြစ်ပေးကာ စစ်တွေထောင်တွင် အကျဉ်းချထားခဲ့သည်။ ထောင်ထဲတွင် ဆရာကြီးအား ထမင်းကျွေးရာတွင် စိန် အစရှိသော အဆိပ်ပါသည့် အစားအစာများအားနေ့စဉ်လိုလို အနည်းငယ်ထည့်ကျွေးလုပ်ကြံခဲ့ရာ ထောင်ကျပြီး (၅)လအကြာ (၁၉၉၀) ဩဂုတ်စ်လ (၁၄)ရက်တွင် ကွယ်လွန်ခဲ့သည်။

ရခိုင်တစ်မျိုးသားလုံး လေးစားကြည်ညိုသော ဆရာကြီးအား(နဝတ) စစ်အစိုးရက ညှဉ်းပမ်းနှိပ်စက်အဆိပ်ခပ်သတ်ဖြတ်ကာ ရခိုင်တစ်မျိုးသားလုံး ဦးကျိုးအောင်ချိုးနှိမ်ခဲ့ခြင်းဖြစ်သည်။

ဆရာကြီး သေဆုံးခြင်းသည် သူတို့လက်ချက် မဟုတ်ကြောင်းကို ခိုင်လုံထင်ရှားစေရန် ဗမာစစ်အစိုး

ရသည့် လုပ်ကြံဆောင်းပါးများ ဖန်တီးရေးသားခဲ့သည်။ ဆရာကြီး သေဆုံးရခြင်းသည် ဦးခေါင်းတွင် သွေးမတိတ်သည့် ရောဂါ (Cerabral Haemorrhage) ဖြင့် အကျဉ်းထောင်ဆေးရုံတွင် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း The Truth အမည်ရှိ ဆောင်းပါးများဖြင့် လုပ်ကြံဖန်တီးခဲ့သည်။

ဆရာကြီး ကွယ်လွန်ချိန်တွင် ဆရာကြီး၌ ဇနီး–ဒေါ်မစိန်သာနှင့် သား–ကိုကျော်ထွန်းအောင်အပါအဝင် သမီး(၄)ဦး ကျန်ရှိခဲ့သည်။

ဆရာကြီးကွယ်လွန်ခြင်းသည် ရခိုင်တစ်မျိုးသားလုံးအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်။ ဆရာကြီးအား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သူများမှာ ဗမာလူမျိုးကြီးဝါဒီများနှင့် ဗမာစစ်ဝါဒီများဖြစ်သည်။ သူတို့သည် ဆရာကြီး၏ ရုပ်ခန္ဓာအား သတ်ဖြတ်နိုင်ခဲ့သော်လည်း ဆရာကြီး၏ ရခိုင်ပြည်နှင့်ရခိုင်လူမျိုးအပေါ် ချစ်သည့်စိတ်ဓါတ်ကိုကား သတ်၍မရနိုင်ခဲ့ချေ။

ဆရာကြီး၏ မွန်မြတ်သန့်စင်သော မျိုးချစ်စိတ်ဓါတ်သည် ရခိုင်မျိုးဆက်လူငယ်များတွင် ဆက်လက်စိမ့်ဝင်ပျံ့နှံ့လျှက်ရှိနေသည်။ ဆရာကြီးသည်ကား ရခိုင်ပြည်နှင့် ရခိုင်သမိုင်းတွင် အစဉ်ထာဝရ ထွန်းလင်းတောက်ပနေမည့် အာဇာနည်ကြယ်တပွင့် ဖြစ်ပေသည်။

(ကိုးကားချက်။ ။ရခိုပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး၏ ဆရာကြီးဦးဦးသာထွန်းကျဆုံးခြင်း(၁၉)နှစ်မြောက် အထိမ်းအမှတ်စာအုပ်မှ ကူးယူဖော်ပြသည်။)

==========================================

## ရခိုင်မျိုးချစ်ခေါင်းဆောင် ဆရာကြီးဦးဦးသာထွန်း

==========================================

ရခိုင်ပြည်သူလူထုတိ သိရှိကတ်တေအတိုင်း ရခိုင်–မြန်မာပဏ္ဍိတ် ဆရာကြီးဦးဦးသာထွန်း ကွယ်လွန်လားခစွာရေ ၂၀၁၀ ခု ဩဂုတ်စ် ၁၄ ရက်နိန့်ကဆိုကေ ၂၀ နှစ် ပြည့်မြောက်ဖို့ ဖြစ်ပါရေ။ ဆရာကြီးသီဆုံးလားခစွာ ၂၀ နှစ် ပြည့်မြောက်ဖို့ဗျာဖြစ်ကေလည်းသွင့် ရခိုင်ပြည်သူတိအနိန်နန့် အဂုထက်ထိ ဆရာကြီး၏ဂုဏ်ကျေးဇူးကို မမိပျောက်နိုင်ကတ်ဘဲ ဆရာကြီးကို သတိရအောက်မေ့နိန်ကတ်တုန်းပင်ဖြစ်ပါရေ။ ဂုပိုင် အောက်မေ့နိန်ကတ်ရစွာကလည်း ဆရာကြီးရေ ကိုယ်ကျိုးစွန့်ပြီးကေ မြန်မာ့ဒီမိုကရေစီရေး၊ စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေးနန့် တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ခရေ ရခိုင်အမျိုးသားခေါင်းဆောင်တစ်ဦး ဖြစ်တေအတွက်ကြောင့် ဖြစ်ပါရေ။

ဆရာကြီးစွာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် နာယကအဖွဲ့ဝင် တစ်ဦးဖြစ်ပြီးကေ ကျောက်တော်မြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မြေ လွှတ်တော်ကိုယ်စားလှယ် လောင်းတစ်ဦးလည်းဖြစ်ပါရေ။ ဆရာကြီးရေ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း ရခိုင်ပြည်နယ်အတွင်း နိန်ရာအနှံ့အပြားကို လှည့်လည်ပြီး မဲဆွယ် တရားတိဟောကြားခပါရေ။ ယင်းပိုင် ဟောကြားရင်းနန့် မင်းပြားမြို့နယ် ပြားချောင်းကျေးရွာမှာ ဆရာကြီးရေ အမျိုးသားရေး၊ စည်းရုံးရေးတရားတိကို ဟောကြားခပါရေ။ ယင်းပိုင် တရားဟောကြားခစွာရေ ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစီရေဆိုပြီး ရခိုင်သား ဗိုလ်

ချုပ်ဟောင်းတဦးဖြစ်တဲ့ တစည္ပါတီက စောဖြူနန့် မင်းပြားက ညီညီလွင်ရို့က တရားစွဲဆိုခရေ အတွက်တာကြောင့် နဝတ စစ်အစိုးရက ဆရာကြီးကို ၁၉၉၀ ခုနှစ်မှာ ဖမ်းဆီးဗျယ် ထောင်(၃) နှစ်ချမှတ်ခပါရေ။ ဖမ်းဆီးထောင်ချပြီး (၅)လအကြာမှာတော့ခါ ဆရာကြီး ထောင်တွင်းဖိစီးဒဏ်တိ အပါအဝင် စစ်အာဏာပိုင်တိ၏ ညှဉ်းပမ်းမှုကြောင့် ၁၉၉၀ ခုနှစ် ဩဂုတ်စ်လ ၁၄ ရက်နိန့်မှာ စစ်တွေထောင်မှာ ကွယ်လွန်လားခပါရေ။ ရခိုင်ပြည်သူအများစုအနိန်နန့် ဆရာကြီး ခုပိုင်ရုတ်တရက် သီဆုံးလားခစွာရေ စစ်အစိုးရက စိန်အဆိပ်တဖေ့ချေစီကို ထမင်းမှာ ထည့်ကျွေးရင်း သတ်ဖြတ်ပစ်ခစွာဖြစ်တေလို့ ယုံကြည်မှုရှိနိန်ကတ်ပါရေ။ မြန်မာစစ်အစိုးရ ပြောစွာကတော့ခါ ဆရာကြီးမှာ ဦးခေါင်းသွေးမတိတ်တဲ့ရောဂါ Cerebral Haemorrhage နန့် သီဆုံးလားခရေဆိုပြီးကေ ပြည်သူတိဘားသို့ ထုတ်ပြန်ကျေညာခပါရေ။ ဆရာကြီး သီဆုံးလားပြီးရေနောက် ဆရာကြီးရုပ်အလောင်းကို စစ်တွေမှာ မီးသင်္ဂြိုလ်ဗျာ အရိုးပြာကို ဆရာကြီး၏မွေးရပ်ဇာတိ မြောက်ဦးမြို့ကို ယူဆောင်လာပြီး ရှစ်သောင်းဘုရားအနားက တဘက်ဆည်ကန် ကျောင်းအဝဘေးနားမှာ အုတ်ဂူသတ်ပြီး ဂါရဝပြုထားပါရေ။ ဆရာကြီးအရိုးပြာကို စစ်တွေကယူဆောင်လာရေနိန့်က မြောက်ဦးအထက်တန်းကျောင်း ကျောင်းသားတိက ကျောင်းကိုပိတ်ဗျာ လားရောက်ကြိုဆိုခကတ်တေအတွက်နန့် ကျောင်းသားအများအပြားလည်း ဖမ်းဆီးခံကတ်ရဗျာ ဆရာတိလည်း အလုပ်ပြုတ်ခကတ်ရပါရေ။

ဆရာကြီးစွာ သူ မသီရေအချိန်ထိ သူတတ်ထားရေသမိုင်းပညာနန့် စာအုပ်ပေါင်းမြောက်မြားစွာကို ရှီးသားခပြီးကေ ရခိုင်အမျိုးသားတိအတွက် အလုပ်အကျွေးပြုခသူတဦးလည်းဖြစ်ပါရေ။ ဆရာကြီးစွာ မြောက်ဦးမြို့ ဘုရားသမိုင်း၊ ဦးရာဇ်တောင်ဘုရားသမိုင်း၊ ရခိုင်အမျိုးသမီး သူရဲကောင်းအတ္ထုပ္ပတ္တိ၊ ရခိုင်ရာဇဝင် သသေ်ပကျမ်း၊ ဝသဲဘုရားသမိုင်း၊ ရှင်သတ်ဘုရားသမိုင်း၊ ရခိုင်ကဗျာပေါင်းချုပ်၊ ရာခိုင်ရာဇဝင် စရေ စာအုပ်များစွာကိုလည်း ရှီးသားခရေသူတစ်ဦးဖြစ်ပါရေ။

ယင်းအပြင် ဆရာကြီးရေ အံတော်သိမ် ဘုရားသမိုင်းကျမ်း၊ သဲတတ်ဘုရားသမိုင်း၊ ထီးတော်မိုး ဘုရားသမိုင်း၊ ဘောင်းဒွတ်နတ်တောင်ဘုရားသမိုင်း၊ ဝေသာလီဘုရားကြီးသမိုင်း၊ သိမ်တော်ကြီး ဘုရားသမိုင်း၊ မဟာထီး ဘုရားသမိုင်းစရေ ရခိုင်ပြည်နယ်အတွင်းက ဘုရားသမိုင်းတိကို လင်္ကာ စကားပြေတိနန့် ရှီးသားထုတ်ဝေခပါရေ။

ဆရာကြီးစွာ ရခိုင်မဂ္ဂဇင်း၊ ဓညဝတီမဂ္ဂဇင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်းအပါအဝင် တခြား ရခိုင်ထုတ် မဂ္ဂဇင်းများမှာလည်း ဆောင်းပါးပုဒ်ရေ ၅၀၀ လောက် ရှီးသားခပါရေ။ ဆရာကြီးရှီးသားခရေ ရခိုင်နန့်ပတ်သက်တေ စာအုပ်စာတန်းတိကတော့ခါ အများကြီးဖြစ်ပါရေ။ ပြောလို့မကုန်နိုင်အောင်ထိ ဖြစ်ပါရေ။ ယင်းကြောင့်လည်း ဆရာကြီးကို ရခိုင်–မြန်မာပဏ္ဍိတ်ဘွဲ့ကို အပ်နှင်းခစွာဖြစ်ပါရေ။ ဆရာကြီးစွာ ၁၉၅၅ ခုနှစ်က ၁၉၇၇ ခုနှစ်ထိ မြောက်ဦးမြို့ ရှေ့ဟောင်းသုတေသနဌာနခွဲတွင် ရခိုင်–မြန်မာပဏ္ဍိတ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခပြီးကေ ၁၉၇၇ ခုနှစ်ကနိန်ဗျာ ၁၉၈၃ ခုနှစ်ထိ မြောက်ဦး ရှေ့ဟောင်းသုတေသနဌာနမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခပါရေ။

ဆရာကြီးကို အဖ ဦးကောင်းစံရှိန်နဲ့ အမိ ဒေါ်အောင်ကြွဖံရို့မှ ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ မြောက်ဦးမြို့မှာ ဖွားမြင်ခပါရေ။ ဆရာကြီးရေ တဦးတည်းသောသားဖြစ်ပြီး သူ့အဖိုး ဦးသာထွန်းအောင်ဘားမှာ အချေါကပင် ရာဇဝင်ကျမ်းပေါင်း မြောက်မြားစွာကို လေ့လာဆည်းပူးခရေလို့လည်း သိရှိရပါရေ။